သခင့်စကား ၁ –၄၀

# သခင့်စကား

ဝိညာဉ်ရေးဂျာနယ်

တရား စကား ကို ကြား၍ ခံယူသဖြင့် အဆ သုံးဆယ်၊ အဆ ခြောက်ဆယ်၊ အဆ တစ်ရာ ပွားများ၍ အသီး သီးတတ်သည်။ မာကု ၄း၂၀

အမှတ်စဉ် (၄၀) ဒီဇင်ဘာလ ၂၀၀၄ ခုနှစ် ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )

## အလင်းရောင်

ကမ္ဘာလောကကြီး တစ်ခုလုံးရဲ့ ခရစ္စမတ် သင်္ကေတ ဟာ "အလင်းရောင်" ဘဲဖြစ်ပါတယ်။ ခရစ္စမတ် အခါသမယမှာ အလင်းရောင်တွေကို အိမ်မှာ၊ ဈေးဆိုင်တွေမှာ၊ မြို့လမ်းမ တစ်လျှောက်မှာ ထိန်ထိန်ငြီး ထွန်းလင်းနေတာကို တွေ့ရမှာဖြစ်ပါတယ်။ သစ်ပင်တွေပေါ်မှာလဲ အလင်းရောင်တွေကို ထွန်းညှိထားတတ်ကြပါတယ်။ အလင်းရောင်ရဲ့အကြောင်း နောက်ကြောင်း ပြန်ကြည့်မယ်ဆိုရင်၊ ကျွန်တော်တို့ရဲ့ ဘိုးဘေးတွေဟာ ခရစ္စမတ်သစ်ပင်တွေပေါ်မှာ ဖယောင်းတိုင် ငယ်လေးတွေကို ထွန်းညှိကြပါတယ်။ နောက်ပိုင်းမှာတော့ လျှပ်စစ်မီးလုံးရောင်စုံတွေကို အစားထိုး သုံးစွဲလာတာကို တွေ့ရပါတယ်။

ဖယောင်းတိုင်က အမှောင်ချခံထားရတဲ့ လောကကမ္ဘာကြီးကို အလင်းရောင် ပေးဖို့ ရောက်လာတဲ့ ဘုရားသခင်ရဲ့ သားတော် ယေရှုခရစ်တော်ကို ကိုယ်စားပြုပါတယ်။ ခရစ္စမတ်အချိန်မှာ သင်တွေ့ရမဲ့ ဖယောင်းတိုင်မီး၊ လျှပ်စစ်မီးရောင်စုံ တစ်ခုချင်းစီဟာ ယေရှုခရစ်တော် လောကထဲကို ဆင်းကြွလာတဲ့ သင်္ကေတ ဘဲဖြစ်ပါတယ်။

အလင်းရောင်ရဲ့ အမှတ်တံဆိပ် နောက်ကွယ်မှာ အလင်းရောင်ရဲ့ အနှစ်သာရဖြစ်တဲ့ ယေရှုလောကကို ဆင်းသက်လာရခြင်းအကြောင်း မသိသေးတဲ့သူတွေ အများကြီး ရှိနေပါတယ်။ ယော ၁း၇ မှာ –

ထိုသူကို လူအပေါင်းတို့သည် အမှီပြု၍ ယုံကြည်ခြင်းသို့ ရောက်မည်အကြောင်း ထိုသူသည် သက်သေခံဖြစ်၍ အလင်းတော်၏ အကြောင်းကို သက်သေခံခြင်းငှာသာလာ၏။ ဟုတ်မှန်သော အလင်းမူကား ဤလောကသို့ ကြွလာလျှက် ခပ်သိမ်းသော လူအပေါင်းတို့အား၊ အလင်းကို ပေးသောသူ ဖြစ်သတည်း။

လို့ပြောထားပါတယ်။ ရှင်ယောဟန်က ဘယ်သူက လောကရဲ့ အလင်းဖြစ်တယ်ဆိုတဲ့ အကြောင်းနဲ့ သူ့ကို ဘာဖြစ်လို့ လောကထဲ စေလွှတ်ရတယ်ဆိုတဲ့အကြောင်းကို ကျွန်တော်တို့ နားလည်လာရမယ်လို့ ကတိပေးထားပြန်ပါတယ်။ ထိုသူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သော သူတို့အား ဘုရားသခင်၏ သား ဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။


အလင်းရောင်ရဲ့ နောက်ကွယ်မှာ အလင်းရှင် ယေရှုသခင်ကို သင်တွေ့မြင်နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ( လှူရှင် )

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

## လက်ဆောင်မွန်

"နင် ရန်ကုန် မပြန်ခင် **Christmas tree** တော့ ဆင်သွားပေးနော် " ဆိုတဲ့ အစ်မ ဖြစ်သူရဲ့ တောင်းဆိုချက်ကို ကြားလိုက်ရပါတယ်။ ခရစ္စမတ်ရောက်တိုင်း အိမ်က **Christmas tree** ကို ကျွန်မ က တာဝန်ယူပြီး ဆင်ပေးလေ့ရှိပေမဲ့ ဒီနှစ်မှာတော့ ဒီဇင်ဘာလအတွင်းမှာ စင်ကာပူကနေ ရန်ကုန်ကို အလည်ပြန်မှာမို့ ကျွန်မရဲ့ အစ်မက တောင်းဆိုသလိုနဲ့ သတိပေးလိုက်တာ ဖြစ်ပါတယ်။ နိုဝင်ဘာလလယ်လောက်ဆိုရင် စင်ကာပူနိုင်ငံမှာ ရုံးပိတ်ရက်တွေများတာမို့ **Christmas tree** ကို အဲဒီရက် အတွင်းမှာ ဆင်ဖို့ ကျွန်မ ဆုံးဖြတ်လိုက်ပါတယ်။

ရုံးပိတ်ရက် ရောက်လာတော့ ခါတိုင်းနှစ်တွေလိုဘဲ **Christmas tree decoration** ပစ္စည်းတွေကို စတိုခန်းထဲကနေ စိတ်ရှည်လက်ရှည်ထုတ်ပြီး ပြင်ဆင်နေချိန်မှာ "သြော် – ခရစ်တော်ယေရှုတော့ ဒီလောကကို နောက်တစ်ခါထပ်ပြီး တစ်လ အလည်လာရအုံးမယ်" လို့တွေးမိတဲ့အတွက် ပြုံးလိုက်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ချို့က သခင်ယေရှုဟာ ကျွန်မတို့အတွက် မွေးဖွား၊ အသက်သေခံ၊ ရှင်ပြန်ထမြောက်ပြီး ဖခမည်းတော်ရဲ့ ရင်ခွင်တော်ဆီကို ပြန်တက်သွားတယ်။ တစ်နှစ်တစ်ခါမှ **Christmas tree** တွေနဲ့အတူ အသစ်ပြန်လာပြီး မွေးဖွားခံတယ်လို့ မှားယွင်းစွာ ယူဆထားကြလို့ပါဘဲ။ တကယ်တော့ သခင်ယေရှုက (မောရှေလ ) ငါတို့နှင့်အတူ ရှိတော်မူသော ဘုရား ဖြစ်ပါတယ်။ တစ်နှစ်မှ တစ်ခါ ပေါ်ထွန်းလာတတ်တဲ့ ဘုရားမဟုတ်ပါဘူး။



**Decoration** တွေတပ်ရင်းနဲ့ ကျွန်မရဲ့ စိတ်အစဉ်ဟာ ငယ်စဉ်က ခရစ္စမတ်ရာသီမှာ ဖြစ်ခဲ့ဖူးတဲ့ အဖြစ်အပျက်လေးတစ်ခုကို သွားသတိရလိုက်မိပါတယ်။

ထာဝရ ဘုရားသခင်ဟာ လူသားတွေကို အပြစ်မှ ကယ်တင်ဖို့ သားတော် ယေရှုခရစ်တော်ကို လက်ဆောင်မွန်အဖြစ် ပေးခဲ့ပါတယ်။ ဒါကို အတုယူပြီး ကျွန်မတို့ကလဲ ခရစ္စမတ်ရာသီ အခါသမယမှာ ကောင်းနိုးရာရာ လက်ဆောင်လေးတွေကို မိတ်ဆွေတွေကို ပေးပြီး မေတ္တာပြတတ်ကြပါတယ်။ ကျွန်မရဲ့ အဖိုး နေတဲ့ ရပ်ကွက်ထဲမှာလဲ ခရစ္စမတ်ရောက်တိုင်း လက်ဆောင်ပစ္စည်းလဲလှယ်တဲ့ အစီအစဉ်လေးတစ်ခုကို နှစ်တိုင်းလုပ်လေ့ရှိပါတယ်။ လူပျိုလေးတွေက အပျိုလေးတွေကို ပေးရတယ်။ အပျိုလေးတွေကလဲ လူပျိုလေးတွေကို ပြန်ပေးရပါတယ်။ အိမ်ထောင်သည်တွေကလဲ တအိမ်ထောင်နဲ့ တစ်အိမ်ထောင် အပြန်အလှန်လက်ဆောင် ပေးရပါတယ်။ ဘယ်သူ့ကို ပေးရမယ်ဆိုတာကိုတော့ တာဝန်ရှိသူတွေက မဲနှိုက်ပြီး စီစဉ်ပေးခဲ့ပါတယ်။ လက်ဆောင်လဲမဲ့ ရက်မတိုင်ခင်မှာ လက်ဆောင်တွေကို လိုက်ကောက်ခဲ့ပါတယ်။ တစ်ခါတစ်လေတော့လဲ ကိုယ့်ကို ဘယ်သူပေးရမယ်ဆိုတာ ကြိုတင်သိရပါတယ်။

လက်ဆောင်လဲတဲ့ နေ့မှာတော့ ခရစ္စမတ်ဇာတ်စင်ကြီးဘေးနားက ခရစ္စမတ်သစ်ပင်ကြီးရဲ့အောက်မှာ လက်ဆောင်ပစ္စည်းအမျိုးပေါင်းစုံကို စုပုံထားတာ တွေ့ရပါတယ်။ ရှေ့ဆုံးက တရုံးရုံးဖြစ်နေတဲ့ ကလေးအုပ်စုထဲမှာ ကျွန်မလဲ ပါဝင်နေခဲ့ပါတယ်။ ကျွန်မက ကျွန်မ ရသင့်တဲ့လက်ဆောင်၊ ကျွန်မတို့ အိမ်သူ

**သခင့်စကား ၂ -၄၀**

အိမ်သားတွေရသင့်တဲ့ လက်ဆောင်ကို ရယူဖို့အတွက် အဆင်သင့် စောင့်ဆိုင်းနေခြင်းဖြစ်ပါတယ်။ တာဝန်ရှိသူတွေက လက်ဆောင်တွေကို ဝေပေးပါတယ်။ အချိန်တွေ ကုန်လာတာနဲ့အမျှ လက်ဆောင်တွေလဲ တဖြည်းဖြည်းလျော့သွားပြီး နောက်ဆုံး ဘာမှ မကျန်တော့ပါဘူး။ အဲဒီအချိန်အထိ ကျွန်မတို့အိမ်ရဲ့ အိမ်ထောင်မိသားစု အလိုက် လဲလှယ်တဲ့ မိသားစုလက်ဆောင်ကို မရသေးတဲ့အတွက် ကျွန်မက အမေ့ဆီကို ပြေးပြီး ကလေးပီပီ တိုင်ပြောလိုက်ပါတယ်။

ကျွန်မရဲ့ အမေဟာ စိတ်ဆိုးသွားပြီး လက်ဆောင်ပစ္စည်း လဲလှယ်ရာမှာ တာဝန်ရှိတဲ့ သူ့ တူမကို ဆူပါတော့တယ်။ အမှန်တော့ ကျွန်မ အမေက လက်ဆောင်မရလို့ ဆူတာမဟုတ်ပါဘူး။ သူက အပေးသမား သက်သက်ပါ။ သူများဆီက ပြန်အလာကို မျှော်လင့်တတ်သူ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်မ အမေစိုးရိမ်တာက လက်ဆောင်ပစ္စည်း လဲလှယ်ရာမှာ တာဝန်ရှိသူတွေရဲ့ ပေါ့ဆမှုကြောင့် ကျွန်မတို့ မိသားစုလို လက်ဆောင်မရဘဲ လက်ဗလာသက်သက် အိမ်ပြန်သွားရမဲ့ သူတွေ ဘယ်လောက်များများရှိနေပြီလဲလို့ တွေးပူပြီး ဆူမိခြင်းပါ။ ကျွန်မရဲ့ အစ်မဝမ်းကွဲလဲ ပြာယာခတ်ပြီး စာရင်းစာရွက်တွေကို ကောက်ကိုင် ဟိုလှန်ဒီလှန်နဲ့ အလုပ်ရှုပ် သွားပါတယ်။ နောက်မှ ကျွန်မတို့အိမ်ကို ခရစ္စမတ်လက်ဆောင်ပေးရမှာ မ––– တို့အိမ် ဖြစ်တယ်လို့ပြောပါတယ်။ ခနနေမှ ကျွန်မတို့အိမ်မှာ အတူနေတဲ့ အစ်မကြီးက ထရယ်ပြီး ကျွန်မ အမေကို “ အန်တီ ၊ အိမ်အတွက် မိသားစု လက်ဆောင်က လွန်ခဲ့တဲ့ သုံးရက်ကတည်းက ရပြီးသွားပြီလေ။ ” လို့ပြောလိုက်ပါတယ်။ အမှန်က ကျွန်မတို့ကို လက်ဆောင်ပေးရမဲ့ မ––– က မိသားစု လက်ဆောင်အဖြစ် သူ့အိမ်မှာ မွေးထားတဲ့ ဘဲတစ်ကောင်ကို ပေးချင်တယ်။ ဒါပေမဲ့ အဲဒီနေ့မှ ပေးမယ်ဆိုရင် ဘဲတစ်ကောင်နဲ့ လူတွေ ရှုပ်ယှက်ခတ်နေမှာစိုးတဲ့အတွက် သုံးလေးရက်ကြိုပြီး ဘဲတစ်ကောင်ကို ခြင်းကြီးနဲ့ လာပို့ပေးထားတာကို သတိရမိလို့ အားလုံးပြုံင်တူ အော်ရယ်လိုက်မိကြပါတယ်။

အဲဒီ ဘဲကိုလဲ လွန်ခဲ့တဲ့ ၂ရက်ကဘဲ ချက်စားလိုက်ကြပြီး ဖြစ်ပါတယ်။ ကျွန်မတို့ မိသားစုက ကျေးဇူးတော်ကြောင့် လက်ဆောင်ကို ကြိုပြီး ရတဲ့အပြင် စားသုံးခဲ့ပြီးမှ အလုပ်တွေရှုပ်နေလို့ အမှတ်မထင် မေ့သွားကြတာပါ။

အမှန်တော့ ဒီအကြောင်းရင်းလေးက ရိုးစင်းတဲ့ အဖြစ်အပျက်လေး တစ်ခုပါ။ ဒါပေမဲ့ တစ်ခါတစ်ခါ ကျွန်မတို့ လောကသားတွေဟာ (ကျွန်မ အပါအဝင်) ကိုယ် ရပြီးသား ဘုရားသခင်ရဲ့ ကောင်းကြီးတွေကို မေ့တတ်ပါတယ်။ ကျေးဇူးတော်ချီးမွမ်းဖို့ မေ့မယ်။ ကောင်းကြီးရပြီးထားတာကို မေ့မယ်။ ယေရှု အသေခံပေးခဲ့ခြင်းကို မေ့မယ်။ မောန္နေလအရှင် ဖြစ်ခြင်းကို မေ့မယ်။ ဒါပေမဲ့ ဘုရားသခင်က ကျွန်မတို့ကို ဘယ်တော့မှ မမေ့ပါဘူး။

“ထိုစာငှက် တစ်ကောင်ကိုမျှ ဘုရားသခင် မေ့တော်မမူ၊ သင်တို့ ဆံပင်သည်လည်း အကုန်အစင် ရေတွက်လျက်ရှိ၏။ ထို့ကြောင့် မကြောက်ကြနှင့် ၊ သင်တို့သည စာငှက်အများတို့ထက် သာ၍မြတ်ကြ၏။ လု ၁၂း၇”

ချစ်သော မိတ်ဆွေတို့ကိုလည်း ကျွန်မတို့ကို အရမ်းချစ်တဲ့ ကျွန်မတို့ အပေါ် အရမ်းကောင်းတဲ့ ကျွန်မတို့ကို အပြစ်နွံမှ ကယ်ပြီး ထာဝရအသက် ပေးခဲ့တဲ့ ကျေးဇူး မေတ္တာတော် လက်ဆောင်မွန်တွေကို မမေ့ဘဲ အစဉ်အောက်မေ့သတိရလျှက် နှလုံးသားလေး တစ်ချက်ခုန်လိုက်တိုင်း ထာဝရ ဘုရားသခင်ကို ကျေးဇူး ချီးမွမ်းနိုင်တဲ့သူတွေ ဖြစ်ပါစေလို့ ခရစ္စမတ်လက်ဆောင်အဖြစ် ယေရှုနာမဌ် ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။ ။

ထာဝရ ဘုရားသခင် သင့်အား ဆက်လက်ကောင်းကြီးပေးလျှက် စောင့်ရှောက်ပါစေ။

**ချစ်ရေငြိမ်း**

# အားနာလိုက်တာ ခရစ္စမတ်ရယ်

ယုံကြည်သူ ခရစ်ယာန်တိုင်း ခရစ္စမတ်ကို အဓိပ္ပါယ်ရှိစွာ ကျင်းပကြပါတယ်။ အချိန်နေ့ရက် အတိအကျကို မမှတ်မိတော့ပေမဲ့ အဖြစ်အပျက်ကို မှတ်မိနေဆဲပါ။

သခင်ယေရှု လောကသို့ ကြွလာမည်ကို အရင်ဦးဆုံး သိ၍ လက်ခံခဲ့သော မယ်တော်မာရိ၊ ပထမတွင် ငြင်းခဲ့သော်လည်း ဘုရားသခင့် အလိုတော်ကို ဝန်ခံခဲ့သော ယောသပ်၊ ကယ်တင်ရှင်မှန်း မသိ၍ နေရာ မပေးခဲ့မိသော တည်းခိုခန်းပိုင်ရှင်။ မေရှိယ ကြွလာမည်၊ မည်သူမည်ဝါမှန်း သိလျှက်နှင့် နေရာမပေး၊ ဒုက္ခပေးဖို့ ကြံစည် ခဲ့သော ဖာရိရှဲ ကျမ်းတတ်ပုဂ္ဂိုလ်များနှင့် ဟေရုဒ်မင်းကြီး၊ ထို့အပြင် ကျွန်တော်လဲ ထိုသူတို့ အထဲတွင် ပါဝင်ခဲ့ပါသည်။



ပထမဖြစ်ရပ် – တစ်ခုသော ဒီဇင်ဘာ၂၅ရက် ခရစ္စမတ်နေ့ညနေ

* ဝတ်ကောင်းစားလှများ ဝတ်လျှက် ကုမ္ပဏီမှပေးထားသော ကားကိုမောင်းပြီး ရန်ကုန် မြို့ထဲက အထင်ကရ ဘုရားကျောင်းတစ်ခုမှာ ခရစ္စမတ် ဝတ်ပြုဖို့ ထွက်လာခဲ့ပါတယ်။ စိတ်ထဲမှာ တော့ “ငါ့ကို ဘုရားသခင် ကောင်းကြီးတွေ အများကြီး ပေးထားတယ်။ ဒီနေ့ ခရစ္စမတ်မှာ အငယ်ဆုံးသောသူ တစ်ယောက်ကို ကိုယ်တော့်အလိုအတိုင်း ကူညီရမယ်” လို့ တွေးခဲ့မိပါတယ်။ ဘုရားကျောင်းမှ ဆင်း၍ မကြာပါ။ အသံတစ်ခု ကြားလိုက်ရပါတယ်။ “ကျွန်မရဲ့ သမီးလေး အသည်းအသန် ဖြစ်နေလို့ ကလေးဆေးရုံမှာ တင်ထားရပါတယ်၊ ကျွန်မကို ကူညီကြပါအုံး။ ” ထို အသံရှင်ကို မသိကျိုးကျွံပြု၍ ကျွန်တော် ကျောခိုင်းထွက်လာခဲ့မိပါတယ်။ အဲဒီတုံးက ကလေး ဆေးရုံမှာ ကျွန်တော့် ဆွေမျိုးတွေ အလုပ်လုပ်နေကြပါတယ်။ ကူညီနိုင်လျှက်နဲ့ နှုတ်၏ စောင်မခြင်း ဆိုတဲ့ အကူအညီလေးတောင် ကျွန်တော် မပြုနိုင်ခဲ့ပါလား။ အားနာလိုက်တာ ခရစ္စမတ် ရယ်။

ဒုတိယဖြစ်ရပ် – * မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ် တစ်နေရာရဲ့ ခရစ္စမတ်နေ့ဟာ ပျော် စရာကောင်းတဲ့ နေ့တစ်နေ့ပါဘဲ။ အသင်းတော်မကြီးက ကျင်းပတဲ့ ခရစ္စမတ်နေ့ကို ဆင်နွှဲဖို့အတွက် မနက်စောစော ထွက်လာခဲ့ပါတယ်။ တောင်ပေါ်ဒေသရဲ့ အအေး ဓါတ်ကလဲ မသက်သာလှပါ။ ကျွန်တော်တို့အားလုံး အနွေးထည်ကောင်းကောင်းတွေကို ကိုယ်စီဝတ်ပြီး စတိုင်ကျကျ ထွက်လာခဲ့ကြပါတယ်။ အနွေးထည် ဝတ်ထား လျှက်နဲ့ အေးလွန်းလှပါတယ်။ ဘုရားကျောင်း မရောက်ခင် မနက်စာ အဆာပြေထိုင်စားနေတုံးမှာ ၄နှစ်အရွယ် ကလေးငယ်က ၂နှစ်အရွယ် ကလေးလေးကို ရင်မှာ ပိုက်ချီထားပြီး ထွက်လုဆဲ နေမင်းရဲ့ အနွေးဓါတ်ကိုရဖို့ နေပူဆာ လှုံနေတာတွေ့ရပါတယ်။ သူတို့ရဲ့ ကိုယ်ပေါ်မှာက အဝတ်ပါးပါးနဲ့ ပါးပြင်ပေါ်မှာလဲ မျက်ရည်စတွေနဲ့ နှုတ်ခမ်းကလဲ ငိုကြွေးမြည်တမ်းလို့ နေပါတယ်။ အဲဒီတုံးကလဲ အငယ်ဆုံးသောသူတွေကို မျက်ဝါးထင်ထင် နီးနီးကပ်ကပ် လက်တစ်ကမ်းမှာ တွေ့နေရနေပါရက်နဲ့ ဘာမှ အကူအညီ မပေးနိုင်ခဲ့ပါဘူး။ အားနာလိုက်တာ ခရစ္စမတ်ရယ်။

**ZERO** ( 11-11-2004)


# ခရစ္စမတ်ကပေးတဲ့သင်ခန်းစာ

လွန်ခဲ့တဲ့ ၉နှစ်ကျော် ၁၀နှစ်ဝန်းကျင်၊ ကျွန်တော် စင်ကာပူကို လာပြီး အလုပ်မလုပ်ခင် ကာလတုံးက ဆိုပါတော့။ ရပ်ကွက်ထဲမှာ ကျွန်တော် ဆန်းဒေး စကူးလ် သင်ပါတယ်။ ကလေး တော်တော်များများ ( အယောက်၂၀ ခန့်) ကျွန်တော့် ဆန်းဒေးစကူးလ်ကို လာတက်ကြပါတယ်။ ဆန်းဒေးစကူးလ် လာတက်တဲ့ အသွင်မတူတဲ့ ကလေးတွေထဲမှာ ထူးခြားတဲ့ ကောင်လေးတစ်ယောက်ကို ကျွန်တော် သတိထားမိပါတယ်။ ရှေ့ဆုံးမှာ ထိုင်တတ်တယ်။ ဘယ်သူ့ကိုမှ ရောရော နှောနှော မနေတတ်ဘူး။ စကားနည်းတယ်။ နောက်မှသိရတာက သူဟာ နား နည်းနည်း လေးတယ်တဲ့။ အများသူ ငါလို ကိုယ်အင်္ဂါစုံလင်သူ မဟုတ်ဘဲ အကြားအာရုံ ချို့ယွင်းနေတဲ့ ချာတိတ်လေးရဲ့ နာမည်က 'ဘိုအိုင်း' တဲ့။ သူ့ကို ဘာမေးမေး၊ ဘာပြောပြော အနည်းဆုံး နှစ်ခါ သုံးခါလောက် ပြန်မေးတတ်တဲ့အတွက် သူနဲ့ စကားပြောရမှာ လူတိုင်း ဝန်လေးတတ်ပါတယ်။

အဲဒီလိုနဲ့ ခရစ္စမတ် ရောက်လာတော့ ကျွန်တော့် ဆန်းဒေးစကူးလ် ကလေးတွေက ကျွန်တော့်ကို ခရစ္စမတ်လက်ဆောင်ပေးဖို့ ဆိုပြီး ငွေကောက်ကြပါတယ်။ ( ကျွန်တော် မသိအောင် ငွေကောက်ပြီး ကျွန်တော့်အတွက် လက်ဆောင်ဝယ်ပေးကြတာပါ ) ဒီကိစ္စကို ကျွန်တော် မသိပါဘူး။ နောက်မှ သူတို့ ပြန်ပြောပြလို့ သိရတာပါ။ ကလေးတော်တော်များများက သူတို့မုန့်ဖိုးထဲက ရတဲ့ငွေကို စုပြီး ကျွန်တော့်အတွက် လက်ဆောင် ပုဆိုးတစ်ထည် ဝယ်ပေးကြပါတယ်။ အဲဒီတုံးက ဘိုအိုင်းဟာ မုန့်ဖိုး မရတဲ့အတွက် ( ဘိုအိုင်း က ဆင်းရဲတော့ သူ့မိဘက သူ့ကို မုန့်ဖိုး မပေးနိုင်ပါဘူး) ကျွန်တော့်အတွက် သူ ငွေ မထည့်နိုင်ပါဘူး။ ဒီကိစ္စကို သူတို့ ကလေးအချင်းချင်း ပြောကြပါလိမ့်မယ်။ ဘိုအိုင်းက ကိုယ့်ဆရာအတွက် လက်ဆောင် ဝယ်ပေးဖို့ ငွေတောင်မထည့်နိုင်ဘူး။ ဘာဘူး၊ ညာဘူး ဆိုပြီး ကလေးအချင်းချင်း အတင်း ပြောကြပါလိမ့်မယ်။ ဒါကို ဘိုအိုင်း က မခံနိုင်တာရယ်၊ သူ့ဆရာ (ကျွန်တော့်ကို ) လက်ဆောင်ပေးချင်တဲ့ စိတ်တွေရယ်။ အရမ်းများလာတော့ ငွေရမဲ့ နည်းလမ်းတစ်ခုကို ရှာပြီး ကျွန်တော့်အတွက် လက်ဆောင်ပေးပါတယ်။

အဲဒီ အခါတုံးက ဘယ်ကလေးကမှ ဘိုအိုင်းလို မရှာခဲ့ပါဘူး။ မရှာတတ်ခဲ့ပါဘူး။ ဘိုအိုင်း ငွေရှာပုံလေးက ပညာသား ပါပါတယ်။ ကလေးပီပီ ကလေး ဉာဏ်လေးကို သုံးသွားပါတယ်။ အဲဒီ လက ဒီဇင်ဘာလ၊ ခရစ္စမတ် ရောက်တော့မယ်။ ဒီတော့ ကျွန်တော်တို့ ခရစ်ယာန် ရပ်ကွက်ထဲမှာ အသင်းတော်တွေက တစ်အိမ် တက်ဆင်း၊ ခရစ္စမတ်သီချင်း လိုက်ဆိုတဲ့ ကာလဖြစ်ပါတယ်။

ဘိုအိုင်း တစ်ယောက်ထဲ လမ်းထဲမှာ တစ်အိမ်တက်ဆင်း သီချင်းလိုက်ဆိုပါတယ်။ ဘယ်သူ့ကိုမှ အဖော် မခေါ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ ရည်ရွယ်ချက်က ဘုရားအမှုတော်ဆောင်ဖြစ်တဲ့ သူတို့ရဲ့ ဆန်းဒေးစကူးလ်ဆရာကို သီချင်းဆိုလို့ရတဲ့ ငွေနဲ့ အလှူငွေအဖြစ် ပေးလှူဖို့ ရည်ရွယ်ထားလို့ပါဘဲ။ တခြားလူတွေကို အဖော်ခေါ်ရင် ရတဲ့ငွေထဲက ဝေစုခွဲပေးရမှာဖြစ်တဲ့အတွက် ဆရာ့ကိုပေးဖို့ ငွေနည်းသွားမှာ စိုးတာရယ်။ လူများရင် အကြံများ ဆိုသလို ရတဲ့ငွေကို သူက ဟိုလိုလုပ်မယ်။ ငါက ဒီလိုလုပ်မယ်ဆိုပြီး စကားများကြရင် သူ့ရည်ရွယ်ချက်လေး ပျောက်သွားမှာစိုးတာမို့ ဘယ်သူ့ကိုမှ မခေါ်ဘဲ တစ်ယောက်တည်း **Carol singing** လိုက်ဆိုနေတာ ဖြစ်ပါတယ်။



ကလေးတစ်ယောက်တည်း လိုက်ဆိုတာ ဖြစ်တဲ့အတွက် အလှူငွေထည့်တဲ့ အိမ်လဲရှိတယ်။ ခွေးနဲ့ ရှူးတိုက်တဲ့အိမ်လဲ ရှိပါတယ်။

ဒီလိုနဲ့ ဘိုအိုင်း နှစ်ရက်သုံးရက်လောက် ကြိုးစားလိုက်ရပါတယ်။ ဆရာ့ကို သူပေးချင်တဲ့ ငွေအတိုင်းအတာ တစ်ခုရတဲ့အချိန်မှာ ရတဲ့ငွေကို လက်ထဲမှာ ကျစ်ကျစ်ဆုပ်ပြီး ဆရာ့အိမ်ကိုပြေးပါတယ်။ သူ့ဆရာအိမ်(ကျွန်တော့်အိမ်)ရှေ့ ရောက်တော့ အားရပါးရ "ဆရာ၊ ဆရာ" လို့အော်ခေါ်ပါတယ်။ ကျွန်တော် အိမ်ရှေ့ကို ထွက်ကြည့်တော့ ဘိုအိုင်းကို တွေ့လိုက်ရတယ်။ "ဒါ ဆရာ့အတွက်"လို့ပြောပြီး လက်ထဲထည့်ပေးလိုက်တဲ့ အထုပ်ကို ဖွင့်ကြည့်လိုက်တော့ အိမ်တွေက ပေးလိုက်တဲ့ ငွေအတိုင်း ခပ်နွမ်းနွမ်းငွေစက္ကူတွေကို တွေ့လိုက်ရပါတယ်။ စုစုပေါင်း နှစ်ရာကျော်လောက် ရှိပါတယ်။ အဲဒီတုံးက ကတ္တီပါ ဖိနပ်တစ်ရံကို ၁၅၀ကျပ် ပေးရပါတယ်။ ကျွန်တော့်မှာ ငွေ၁၅၀ကျပ် မရှိလို့ ကတ္တီပါဖိနပ် အသစ် ဝယ်မစီးနိုင်ဘဲ။ လှည်းတန်းဈေးမှာ ရောင်းတဲ့ ကတ္တီပါ ဖိနပ်အတု (တစ်ရံ ၃၀ကျပ်တန်) ကို ဝယ်စီးနေရတဲ့ ကာလမှာ ဘိုအိုင်း ပေးတဲ့ငွေနဲ့ ဖိနပ်အသစ် ဝယ်စီးနိုင်တော့မှာမို့ အရမ်းဝမ်းသာသွားမိပါတယ်။

ကျွန်တော် အခု စင်ကာပူကိုရောက်နေတာ ၈နှစ်ကျော်သွားပါပြီ။ အလုပ်လုပ်လို့ရတဲ့ ငွေနဲ့ **Leather shoe, Walking shoe,** ဘာရှူး၊ ညာရှူး နဲ့ ရှူးဖိနပ်မျိုးစုံ ငါးရံလောက်ဝယ်ပြီး စီးနိုင်နေပါပြီ။ ဒါပေမဲ့ ဘိုအိုင်းပေးတဲ့ အလှူငွေနဲ့ ဝယ်ပြီး စီးခဲ့တဲ့ ဘဝတုံးကလောက် စီးလို့မကောင်းခဲ့ပါဘူး။ စင်ကာပူ က အထင်ကရ စတိုးဆိုင်ကြီးတွေထဲမှာ ချရောင်းတဲ့ ဒေါ်လာရာကျော်တန် နိုင်ငံတကာစံချိန်မှီ ဖိနပ်တွေဟာ ဘိုအိုင်းဝယ်ပေးတဲ့ ၁၅၀ကျပ်တန် မြန်မာပြည်ဖြစ် ကတ္တီပါ ဖိနပ်လေးလောက် တန်ဖိုးမမြောက်ဘူးလို့ ကျွန်တော်ထင်နေမိပါတယ်။

* ကျောက်စရစ် ခဲလေးတွေကို လောက်လွှဲထဲထည့်ပြီး ဘုရားကို ကျိန်ဆဲတဲ့ လူ့ဘီလူးကြီး ဂေါလျတ်ကို သတ်ခဲ့တဲ့ ကလေးလေးရဲ့ လက်။
* ဆာလောင်ငတ်မွတ်နေတဲ့ လူပေါင်းထောင်ကျော်ကို ကျွေးဖို့သူ့ရဲ့ နေ့လည်စာ မုန့်ငါးလုံးနဲ့ ငါးနှစ်ကောင်ကို သခင်ယေရှုလက်ထဲ ဝကွက် အပ်ရဲတဲ့ ကလေးငယ်လေးရဲ့ လက်။
* ပုဆိုး ဖင်ပေါက်ဝတ်၊ ဖိနပ် အပေါစား စီးပြီး ရပ်ကွက်တကာမှာ ဆန်းဒေးစကူးလ် လိုက်သင်နေတဲ့ အညတရ ဆန်းဒေးစကူးလ် ဆရာတစ်ယောက်ကို လိုနေတဲ့ ငွေပေးခဲ့တဲ့ ကလေးငယ်လေး(ဘိုအိုင်း) ရဲ့ လက်။

... ဒီလက်တွေ အားလုံးကို ဘုရားသခင်က ကောင်းကင်ဘုံမှာ စာရင်းမှတ်ပြီး မှတ်တမ်းတင် ဂုဏ်ပြုနေပါတယ်။ ဒီလက် ပိုင်ရှင်လေးတွေ အတွက် ဆုတောင်း ပေးကြပါ။ ဒီလက် ပိုင်ရှင်လေးတွေလို ဖြစ်အောင် ကြိုးစားကြပါ။ ဒီလက် ပိုင်ရှင်လေးတွေကို နမူနာယူပါ ဆိုတဲ့ သင်ခန်းစာတစ်ခုကို ဒီနှစ် ခရစ္စမတ်မှာ ကျွန်တော် ရလိုက်ပါတယ်။ ။

**မင်းအောင်သက်လွင်**

( စကားကြွင်း။ ။ သုံးညဆက်တိုက် သီချင်းဆိုပြီး အလှူငွေ ရှာခဲ့တဲ့ ဘိုအိုင်းဟာ ကျွန်တော့်ကို ငွေလာပေးပြီး၊ အဲဒီနေ့ညမှာဘဲ အအေးမိ၊ နှာစေး၊ အသံဝင်ပြီး အပျင်းဖျားသွားတယ်ဆိုတဲ့ သိတင်းကို တော်တော်လေးကြာမှ ကျွန်တော် ကြားသိလိုက်ရပါတယ်။ ဘိုအိုင်း ကျွန်တော့်ကို အလှူငွေ လာပေးတုံးက ကျွန်တော်က ဒီလောက်များတဲ့ ငွေသုံးရာ (အဲဒီခေတ်တုံးက ငွေသုံးရာကို ပြောတာပါ) ကို ဒီကလေး ဘယ်ကရလာတာလဲ။ သူငယ်ချင်းတွေပြောတာ မခံနိုင်လို့ တစ်နေရာရာက ခိုးပြီး လာပေးတယ်ထင်ပြီး ဘိုအိုင်းရဲ့ အစ်မကို ဘိုအိုင်း မသိအောင် အဲဒီငွေတွေ ပြန်ပေးခဲ့ပါတယ်။ ဘိုအိုင်းရဲ့ အစ်မက အားရပါးရပြုံးပြီး ဒီငွေတွေဟာ ဘိုအိုင်း ခိုးလာတာ မဟုတ်ကြောင်း ဆရာ့အတွက် (ကျွန်တော့်အတွက်) ရည်စူးပြီး တမင်သက်သက် အလှူခံထွက် သီချင်းဆိုခဲ့တာဖြစ်ကြောင်း ရှင်းပြမှ ကျွန်တော် စိတ်အေးသွားရပါတယ်။ အင်း ဒီတစ်ခါ စင်ကာပူကနေ ရန်ကုန်ကို အလည်ပြန်တဲ့အခါကျရင် ဘိုအိုင်းအတွက် လက်ဆောင် တခုခုဝယ်ပေးရမယ်လို့ စိတ်ပိုင်း ဖြတ်လိုက်မိပါတယ်။ )

**သခင့်စကား ၄ –၄၀**

# ဘုရားသခင်၏မျက်နှာတော်

ခရစ္စမတ်ကဒ် ဆေးရောင်စုံခြယ်တဲ့ ပြိုင်ပွဲလေးတစ်ခုကို ကျင်းပကြပါတယ်။ ပန်းချီ ပညာရှင် တော်တော်များများနဲ့ စိတ်ပါဝင်စားသူတွေ တက်ရောက်ကြပါတယ်။ ဆေးရောင် ခြယ်ရမဲ့ ခရစ္စမတ် သရုပ်ဖော်ပန်းချီကို အဖြူအမည်းနဲ့ ရေးဆွဲထားပြီးဖြစ်ပါတယ်။ ပြိုင်ပွဲဝင်သူ ပန်းချီဆရာက ပုံကို ထပ်ရေးဆွဲစရာမလိုဘဲ ဆွဲထားပြီးသားပုံပေါ်မှာ ဆေးအရောင် ခြယ်ပေးရုံ သက်သက်ပါဘဲ။

ဒီလိုပြောလိုက်တော့ ပန်းချီဆရာ တော်တော်များများက ပြုံးပြီး “ဒါလေးများကွာ၊ ထမင်းစား ရေသောက်သလောက် လွယ်ပါတယ်။ မျက်စိမှိတ်ပြီးတောင် အရောင်ခြယ် ပေးလိုက် အုံးမယ်” လို့ပြောကြမှာပါ။ ဒါပေမဲ့ အရောင်ခြယ်ရမှာက သိုးထိန်းကို မဟုတ်ဘူး၊ သိုးလေးတွေ ကိုလဲမဟုတ်ဘူး။ နွားတင်းကုတ်ကိုလဲ ဆေးရောင်ခြယ်ပေးစရာ မလိုဘူး။ မယ်တော်မာရိ၊ ယောသပ် နဲ့ ပညာရှိတွေကိုလဲ အရောင်ခြယ်ပေးစရာ မလိုဘူး။

ဒါဖြင့် ဘယ်ဟာကို ( သို့) ဘယ်သူ့ကို ဆေးရောင်ခြယ်ပြီး ပြိုင်ပွဲဝင်ရမှာလဲ။

ဟုတ်ကဲ့။ သူငယ်တော်ယေရှုရဲ့ မျက်နှာတော်ကို ဆေးရောင်ခြယ်ရမှာပါ။



ပန်းချီဆရာ တော်တော်များများက လူ ဒါမှမဟုတ် အရာဝတ္ထု တစ်ခုခုကို ရေးဆွဲတော့မယ် ဆိုရင် ပုံစံပြ နမူနာ ပစ္စည်းကို ကြည့်ပြီးမှ ရေးဆွဲလေ့ရှိပါတယ်။ ဒါမှလဲ ရေးဆွဲခံတဲ့ ပစ္စည်း (သို့) သတ္တဝါဟာ ပီပီပြင်ပြင် အသက်ဝင်ပြီး ရုပ်လုံးပေါ်မှာ ဖြစ်ပါတယ်။

ကိုင်း – ဒါဖြင့် အခု ပြိုင်ပွဲဝင်ရေးဆွဲရမဲ့ သူငယ်တော်ယေရှုရဲ့ မျက်နှာတော်ကို ရေးဆွဲဖို့ ဘယ်သူ့ကို ပုံစံနမူနာ ယူမှာလဲ၊ ပန်းချီဆရာတွေကလဲ သူငယ်တော်ယေရှုရဲ့ မျက်နှာတော်ကို မဖူးမြင် ဖူးတဲ့အတွက် ရမ်းသမ်း ရေးဆွဲရမှာဖြစ်ပါတယ်။

ပြိုင်ပွဲ ပြီးသွားတဲ့အခါမှာတော့ ပန်းချီဆရာ တော်တော်များများဟာ သူငယ်တော်ရဲ့ မျက်နှာတော်မှာ သက်တံ့ခုံးလို ရောင်ခြည်တန်းလေး ရေးဆွဲပြီး ပြိုင်ပွဲ ဝင်သွားကြတဲ့အတွက် ကျွန်တော်တို့ မြင်တွေ့နေကျဖြစ်တဲ့ ခရစ္စမတ်ကဒ်တိုင်းမှာ သူငယ်တော်ရဲ့ မျက်နှာတော်မှာ ရောင်ခြည်ထွန်းတဲ့ သရုပ်ဖော်ချက်ကို တွေ့ရမှာ ဖြစ်ပါတယ်။

ပန်းချီဆရာ အများစုက ၂ကော ၄း၆ ကျမ်းချက်အရ ခရစ်တော်ရဲ့ မျက်နှာတော်ကို အလင်းတန်း အရိပ် အဖြစ်သုံးပြီး အရောင်ခြယ် ရေးဆွဲသွားကြတာ ဖြစ်ပါတယ်။

( မှောင်မိုက်ထဲက အလင်း ထွန်းလင်းမည် အကြောင်း မိန့်တော်မူသော ဘုရားသခင်သည် ယေရှုခရစ်၏ မျက်နှာ၌ ထွန်းလင်းသော ဘုရားသခင်၏ ဘုန်းတော်ကို သိသော ဉာဏ်၏ အရောင်ကို ပေးလိုသောငှာ ငါတို့စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူ၏ ၂ကော ၄း၆ )

* ထွက်မြောက်ရာ ၃၃း၁၂–၂၃

သိန တောင်တော်ပေါ်မှာ ထာဝရဘုရားသခင်ဟာ မောရှေနဲ့ အတူတူ စကားပြောခဲ့ပါတယ်။

ထာဝရဘုရားက သင်လျှောက်သည်အတိုင်း ငါပြုမည်။ သင်သည် ငါ့ရှေ့၌ မျက်နှာရပြီ။ သင့်ကို သင်၏ နာမဖြင့် ငါသိ၏။ ဟု မောရှေအား မိန့်တော်မူ၏။ တဖန်တုံ ကိုယ်တော်၏ ဘုန်းအား အကျွန်ုပ်အား ပြတော်မူပါ။ အကျွန်ုပ် တောင်းပန်ပါ၏ဟု လျှောက်လျှင် ထာဝရဘုရားက ငါ၏ကောင်းမွန်ခြင်း ရှိသမျှကို သင့်ရှေ့၌ ငါလျှောက်သွား စေမည်။ ထာဝရဘုရား၏ နာမတော်ကိုလဲ သင့်ရှေ့၌ ငါကြွေးကြော်မည်။ … … သို့ရာတွင် သင်သည် ငါ့မျက်နှာကို မမြင်နိုင်ရာ။ ငါ့မျက်နှာကို မြင်လျှင် အသက်ရှင်ရသောသူ တစ်စုံတစ်ယောက်မျှ မရှိ ဟူ၍၄င်း … … ငါ့လက်ကို သိမ်းရုပ်သောအခါ ငါ့ကျောကိုသာ မြင်ရမည်။ ငါ့မျက်နှာကို မမြင်ရ ဟူ၍၄င်း မိန့်တော်မူ၏။

ဘုရားသခင်က သူ့ရဲ့ မျက်နှာတော်ကို လူသားတွေကို မြင်ခွင့် မပေးခဲ့တာ ဆယ်စုနှစ်ပေါင်းများစွာ၊ ရာစုနှစ်ပေါင်းများစွာ ကြာခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီလို ကြပ်တည်းစွာ တားမြစ်ခဲ့တဲ့ ဥပဒေဟာ ပထမဦးဆုံး ခရစ္စမတ်နေ့မှာ ဖျက်သိမ်းသွားခဲ့ပါတယ်။

ကမ္ဘာ့ ပထမဦးဆုံး ခရစ္စမတ်နေ့မှာ မွေးဖွားလာတဲ့ ကယ်တင်ရှင်၊ ဘုရားသားတော်၊ ဘုရားစင်စစ်၊ ယေရှုခရစ်တော်ရဲ့ မျက်နှာတော်ကို သာမာန်လူ သိုးထိန်းတွေက မျက်ဝါးထင်ထင် ဖူးမြင်ခွင့် ရသွားခဲ့ကြပါတယ်။ ဓမ္မဟောင်းခေတ်က ရှေးသန့်ရှင်းသူ မောရှေ မြင်ခွင့်မရခဲ့တဲ့ ဘုရားသခင်ရဲ့ မျက်နှာတော်ကို ဓမ္မသစ်ခေတ်က လူမှုရေးအဆင့်အတန်း နိမ့်ကျ နုံချာတဲ့ သိုးထိန်းတွေ၊ ပညာရှိတွေ ဖူးမြင်ခွင့် ရသွားကြပါတယ်။

ကမ္ဘာ့ ပထမဦးဆုံး ခရစ္စမတ်နေ့မှာ ဘုရားသခင်က သူ့ရဲ့ မျက်နှာတော်ကို လူသားတွေမြင်နိုင်ဖို့ အခွင့်ထူးတစ်ရပ်ကို ပြင်ဆင်ပေးသွားခဲ့ပါတယ်။ ဒါပေမဲ့ မိတ်ဆွေနဲ့ ကျွန်ုပ်ဟာ အဲဒီ ပထမဦးဆုံး ခရစ္စမတ်နေ့မှာ အသက်ရှင်နိုင်ခွင့် မရခဲ့ကြတဲ့အတွက် ဘုရားသခင်ရဲ့ မျက်နှာတော်( သားတော်ယေရှုခရစ်ရဲ့ မျက်နှာတော်) ကို ဖူးမြင်ခွင့် မရခဲ့ကြပါဘူး။ အဲဒီ အချိန်အခါတုံးက အသက်ရှင်ခွင့်ရကြတဲ့ တမာန်တော်တွေနဲ့ လူအချို့ဘဲ မြင်ခွင့်ရသွားကြပါတယ်။ ခရစ်တော်ဟာ လူသားအဖြစ် လှုပ်ရှား သွားလာ၊ တရားဟော၊ သာသနာပြု အသေခံ ၊ ရှင်ပြန်ထမြောက် သွားတဲ့အတွက် ခရစ်တော်လက်ထက်မှာ မွေးဖွားအသက်ရှင်တဲ့ ဒေသက လူတွေ မြင်ခွင့် ရသွားခဲ့ကြပါတယ်။

တမာန်တော်ကြီး ရှင်ပေါလုဟာ ခရစ်တော် ရှင်ပြန်ထမြောက်ပြီးမှ တပည့်တော် ဖြစ်လာတဲ့အတွက် လူ့ဇာတိခံတဲ့ ယေရှုခရစ်တော်ရဲ့ မျက်နှာတော်ကို မြင်ခွင့် မရသွားခဲ့ပါဘူး။ ဒါပေမဲ့သူက “ဘုရားသခင်သည် ယေရှုခရစ်၏ မျက်နှာ၌ ထွန်းလင်းသော ဘုရားသခင်၏ ဘုန်းတော်ကို သိသောဉာဏ်၏ အရောင်ကို ပေးလိုသောငှာ ငါတို့ စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူ၏” လို့ပြောခဲ့ပါတယ်။ ၂ကော ၄း၆

ယခု မျက်မှောက်ခေတ်မှာလဲ ဘုရားသခင်ဟာ သူ့ရဲ့ မျက်နှာတော်ကို ယုံကြည်သူများ မြင်သာစေဖို့ ဖွင့်လှစ် ပြသ နေဆဲပါဘဲ။ ဘုရားသခင်ရဲ့ မျက်နှာတော် ရောင်ခြည်ကို သမ္မာကျမ်းစာ ဖတ်ရှုခြင်းဖြင့် သိမြင်နိုင်ပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားရဲ့ ဖွင့်ပြမှုနဲ့ သားတော်ယေရှုခရစ်ရဲ့ မျက်နှာတော်အတွင်းမှာ ဘုရားသခင်ရဲ့ မျက်နှာတော်ကို ဖူးမြင်နိုင်ပါတယ်။ ဒါဟာ နိမိတ်လက္ခဏာဘဲ ဖြစ်ပါတယ်။ ခရစ္စမတ်ရဲ့ အံ့သြဘွယ်ရာ နိမိတ် လက္ခဏာဘဲ ဖြစ်ပါတယ်။ ။

သားတော်မောင်အလိမ္မာ